**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

မေလ ၁၀ရက်၊ ၂၀၂၃ ခုနှစ်


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဧပြီလ ၂၄ရက်မှ မေလ၇ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၂ - ဧပြီလ၂၃ရက်၊ ၂၀၂၃ | ဧပြီလ ၂၄ရက်–မေလ ၇ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၄၅ | ၂ | ၃၄၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၂ | ၃ | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၃၇၉ | ၁၉ | ၃၉၈ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၅ | | ၁၆၅ |
| | ဒီးမော့ဆိုမြို့နယ် | ၅၇၄ | ၇ | ၅၈၁ |
| | ဖယ်ခုံမြို့နယ် | ၂၉၀ | ၃၈ | ၃၂၈ |
| | ဖရူဆိုမြို့နယ် | ၆၇ | | ၆၇ |
| | ဘောလခဲမြို့နယ် | ၂၃ | | ၂၃ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |

| | | | | |
|---|---|---|---|---|
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဧပြီလ ၂၃ ရက်နေ့ အထိ** | **IDPs အသစ် ဧပြီလ ၂၄ ရက် – မေလ ၇ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၄၇၄၁ | | ၄၇၄၁ |
| | **စုစုပေါင်း** | **၂၀၈၁၁၅** | | **၂၀၈၁၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဧပြီလ(၂၄)ရက်မှ မေလ(၇)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဖယ်ခုံနှင့်ဒီးမော့ဆိုမြို့နယ်တွင် အရပ်သား ၁၉ ဦးထိခိုက်ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး**

လွန်ခဲ့သည့် နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ဖယ်ခုံမြို့နယ်နှင့် ဒီးမော့ဆိုအနောက်ဘက်ခြမ်းအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာပြီး ဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၁၉ဦး ထိခိုက်ဒဏ်ရာရရှိကာ တစ်ဦးသေဆုံးသွားခဲ့သည်။ မြေပြင်တွင် ကရင်နီ ပူးပေါင်းတပ်များ၏ တိုက်ခိုက်မှုများကြောင့် စစ်ရေးအရေးနိမ့်နေသော စစ်ကောင်စီတပ်များသည် ကရင်နီပြည်နယ်အတွင်းသို့ သယ်ယူပို့ဆောင်သည့်လမ်းကြောင်းများ လုံခြုံမှုရှိရန်၊ ၎င်းတို့၏ မြေပြင်စစ်သား များအား ကူညီပံ့ပိုးနိုင်ရန်နှင့် လေကြောင်းအသုံးပြု တိုက်ခိုက်မှုများ ပြုလုပ်လာရခြင်းဖြစ်သည်။

ဧပြီလ ၂၅ရက်၊ နေ့လည် ၁၂နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ဖယ်ခုံမြို့နယ် အနောက်ဘက်ခြမ်းရှိ ဆောင်းဖွေး ကျေးရွာဆေးရုံကို စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် ဆေးကုသမှုခံယူနေသည့် အရပ်သား လူနာ (၄)ဦးထိခိုက်ခဲ့ပါသည်။ မွေးကင်းစ မိခင်တစ်ဦးနှင့် အသက် ၅၀ အရွယ်လူနာစောင့်တို့မှာ ပြင်းထန်သော ဒဏ်ရာများရရှိသွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ပဲ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ငါးကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး မပေါက်ကွဲသေးသည့် ၁၂၀ မမ များလည်း ကျန်ရှိနေသေးသည်။ ဗုံးကြဲတိုက်ခိုက်မှုတွင် ဆေးပေးခန်း အဆောက်အဦး (၂)လုံး၊ ဆေးခန်းတွင်းရှိ ကုသရေးဆိုင်ရာ ဆေးပစ္စည်းများ ၊ ဆိုင်ကယ် နှင့် ကားအချို့ ထိခိုက်ပျက်စီးသွားခဲ့သည်။ ထိုတရက်တည်းတွင် ဖယ်ခုံမြို့မြို့နယ် လယ်ချားကျေးရွာမှ အရပ်သား သုံးဦးအား စစ်ကောင်စီမှ လက်နောက်ပြန်ကြိုးချည်ပြီး လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဧပြီလ ၂၆ရက်၊ နံနက်စောစောအချိန်တွင် မိုးဗြဲမြို့၊ ညောင်ပိုင်းရပ်ကွက်၌ စစ်ကောင်စီတပ်နှင့် KNDF တို့တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ (၁၅)ဦးသေဆုံးပြီး သုံးပန်း (၂)ဦးအား အရှင်ဖမ်းမိခဲ့ကာ လက်နက် ခဲယမ်းအချို့တို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် လာရောက်တိုက်ခိုက်မှုကြောင့် နေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ပါသည်။ ထိုရက်တွင် KNDF တပ်ရင်း ၁၁ နှင့် ပူးပေါင်းတပ်များမှ နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေစဉ် တောင်မဲသင်းနှင့် မြောက်စလုံး ကျေးရွာကြား လယ်ချားကျေးရွာတွင် လက်နောက်ပြန်ကြိုးတုတ်ပြီး ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခံထားရသည့် အမျိုးသား ရုပ်အလောင်းတစ်ခု တွေ့ရှိခဲ့သည်။ ထို့အပြင် နံနက် ၁၁နာရီ ၄၅ မိနစ်အချိန်တွင် လွိုင်ကော်- ရန်ကုန်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ် ရွှေကန္တရီ၊ ရွှေရာဇာ၊ သိန်းသန်းကုဋေ ယာဉ်လိုင်းများ လွိုင်ကော် – မိုးဗြဲ နယ်စပ်ဖြစ်သည့် ကုန်းသာကျေးရွာနှင့် ဝါရီကောခူကျေးရွာမှာ ပစ်ခတ်ခံရသည်။

ဧပြီလ ၂၇ရက်နေ့၊ နံနက် ၁၁ နာရီအချိန်တွင် ဖယ်ခုံမြို့နယ် တောင်မို့ကြီးကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျေးရွာနေခြံဝင်းအတွင်း အလုပ်လုပ်နေသော အမျိုးသား ၅ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ပြီး နေအိမ်တစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။ ဒဏ်ရာရရှိသွားသူများမှာ အသက် ၃၁ နှစ်အရွယ် ကိုမျိုးမင်းခန့်နှင့် ကိုမျိုးမင်းခိုင်၊ အသက် ၃၆ နှစ်အရွယ် ကိုမိုးသူနှင့် အသက် ၃၉ နှစ်အရွယ် ဦးသဲရယ်တို့ဖြစ်ပြီး ဦးခေါင်း၊ မျက်နှာ၊ ခြေ၊ လက်နှင့် ကျောပြင်တွေမှာ ဒဏ်ရာရသွားခဲ့သည်။ ည ၁၁ နာရီအချိန်တွင် စစ်ကောင်စီတပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဒီးမော့ဆို အနောက်ဘက်ခြမ်း တစ်နေရာတွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး ထိမှန်သေဆုံးပြီး (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ဧပြီလ ၂၉ရက်၊ ဒီးမော့ဆိုအနောက်ဘက်ခြမ်း ၁၁မိုင်ကုန်းရှိ စစ်ရှောင်များနှင့် ဒေသခံများနေထိုင်သည့်နေရာတွင် စစ်ကောင်စီတပ်မှ မနက်ပိုင်း၌ တိုက်လေယာဉ် (၂)စင်းဖြင့် (၆)ကြိမ် အကြောင်းမဲ့လာရောက်တိုက်ခိုက်ခဲ့ရာ ပြည်သူ(၃)ဦးထိခိုက်ဒဏ်ရာရရှိပြီး ကားပြင်ဆိုင်ရှိ ကားအစီး (၄၀)ခန့်လည်း ထိခိုက်ပျက်စီးခဲ့သလို ကားပြင်ဆိုင် ၂ဆိုင်၊ နေအိမ် ၂လုံးနှင့် မုန့်ဆိုင် ၃ ဆိုင်တို့လည်း ထိခိုက်ပျက်စီးခဲ့ပါသည်။

မေလ ၁ရက်နေ့၊ ဘောလခဲမြို့အတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ဖားဆောင်းပြည်သူ့ကာကွယ်ရေးတပ်နှင့် ဘောလခဲပြည်သူ့ကာကွယ်ရေးတပ်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ (၇)ဦးသေဆုံးပြီး (၁၃)ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ တိုက်ပွဲအတွင်း ဘောလခဲပြည်သူ့ကာကွယ်ရေးတပ်မှ ရဲဘော် နှစ်ဦးလည်း ကျဆုံးခဲ့ပါသည်။


အရပ်သားများ လက်နက်ကြီးထိမှန်၊ ဖယ်ခုံမြို့နယ်


ဒီးမော့ဆိုအနောက်ခြမ်း အိုင်ဒီပီစခန်းများ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခံရ

မေလ ၂ရက်နေ့၊ ဒီးမော့ဆိုမြို့အရှေ့ဖက်ခြမ်းရှိ ဒေါသြေးခူရွာခံ (၃)ဦးတို့မှ မနက် ၈ နာရီခွဲခန့်တွင် ရွာအတွင်း ပစ္စည်းပြန်ယူချိန်တွင် စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ရွာသား (၃)တို့မှ ထွက်ပြေး လွတ်မြောက် သွားခဲ့ပါသည်။

မေလ ၄ရက်၊ KA မှ ထိုင်း-မြန်မာနယ်စပ်အနီးရှိ စစ်ကောင်စီ ခလရ ၁၃၄ တပ်စခန်းတစ်ခုဖြစ်သည့် နွားကုန်း ၃၂၂ စခန်းအား မေလ ၁ ရက်နေ့တွင်တစ်ကြိမ်၊ ၃ရက်နေ့တွင် တစ်ကြိမ်နှင့် ၄ ရက်နေ့တွင်တစ်ကြိမ် စနိုက်ဘာဖြင့်သွားရောက် ပစ်ခတ်ခဲ့ရာ စစ်ကောင်ဘက်မှ ၃ ဦး သေဆုံးသွားခဲ့သည်။ စနိုက်ဘာဖြင့် ပစ်ခတ်ပြီးနောက် စစ်ကောင်စီ တပ်များသည် လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

မေလ ၅ရက်နေ့၊ နံနက် ၄ နာရီမှ ၆ နာရီအထိ ဖယ်ခုံမြို့နယ်အတွင်း တောင်စလုံး၊ မြောက်စလုံးနှင့် ခေါင်းအိရွာများအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့တာကြောင့် တောင်စလုံးရွာခံ နှစ်ဦးဒဏ်ရာရခဲ့ပြီး ရွာသုံးရွာမှ စုစုပေါင်းနေအိမ် ၃၁ လုံးပျက်စီးခဲ့သည်။

မေလ ဖြရက်နေ့၊ ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်ရှိ လန်းကောရွာကို စစ်ကောင်စီတပ်မှ အကြောင်းမဲ့ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၁၀)နှစ်ကျော်အရွယ် ကလေးတစ်ဦးအပါအဝင် စုစုပေါင်း ပြည်သူ (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သလို ကက်သလစ်ဘုရားကျောင်းနှင့် ပြည်သူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ပါသည်။


**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com